

# ဒီမိုး ဒီရေ ဒီလူတွေ နဲ့ ဒီမင်း ဒီစိုး ဒီသူခိုး

ကျနော် ဒီဆောင်းပါးကို မရေးခင် အကြိမ်ကြိမ် ချိန်ဆပြီးမှ နောက်ဆုံး ရေးမယ်ဆိုပြီး ဆုံးဖြတ်ချက်ချ လိုက်မိပါတယ်။ ဒီဆောင်းပါးကြောင့် ကျနော် သိက္ခာ ရပ်တည်ချက်ကို ထိခိုက်သွားနိုင်တယ်ဆိုတာ သိပေမယ့် ကျနော် မပြောရရင် ကိုယ့်ကိုကိုယ် တာဝန်ကျေတယ်လို့ ဘယ်လိုမှ ထင်လို့ ရတော့မှာ မဟုတ်ဘူး။ ကျနော် အခုရေးမဲ့ ကိစ္စတွေက ကျနော် စိတ်ပျက်နေတာ ကြာပြီ ဖြစ်ပေမဲ့ အကြောင်းကြောင်းကြောင့် မသိချင်ဟန် ဆောင်ပြီးနေခဲ့တာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် မရေးရဲတာလဲ ပါပါတယ်။ ကျနော့် အနေအထား ကျနော့် အတွေ့အကြုံနဲ့ ဆရာကြီးဝင်လုပ်တယ် အပြောခံရမှာ စိုးရိမ်တာတစ်ကြောင်း။ ကိုယ်နဲ့ တည့်မပတ်သက်တာဆိုရင် ဖာသိဖာသာနေမယ်ဆိုတဲ့ လူပီသတဲ့ စိတ်လေး ခေါင်းထောင်လာတာက တစ်ကြောင်းကြောင့် မရေးဖြစ်ခဲ့ပါဘူး။ အဆဲခံရမှာလဲ ကြောက်တာပါသပေါ့ဗျာ။ ခုတော့ ဒီစာရေးလို့ ဖြစ်လာသမျှ အကျိုးဆက်အားလုံး ခံမယ်လို့ ဆုံးဖြတ်ပြီး ရေးလိုက်ရပါတယ်။

ကျနော် ဘလော့တစ်ခုမှာ ကော့မန့်(comments)ရေးလိုက်မိတယ်ဗျာ။ ပုံမှန်အားဖြင့် ကျနော် ဘလော့တွေမှာ ကော့မန့်(COMMENTS)ရေးလေ့ မရှိပါဘူး။ စိတ်ထဲမယ် စိတ်မကောင်းတာတွေရော စိုးရိမ်တာတွေရော ပြွန်းသွားလို့ ကော့မန့်(COMMENTS)က တော်တော်လည်းရှည်သွားတယ်။ အဲဒီပို့ ဖတ်ပြီးတဲ့ လူတွေက ကျနော် နားကို စာတွေပို့ကြ၊ ဂျီတော့ကနေ ပြောကြနဲ့ ပွဲကိုစည်လို့ပါလား။ ကျနော် သုံးလိုက်မိတဲ့ စကားတစ်ခုအပေါ် တချို့ကလဲ မကျေနပ်ကြ တချို့ကလည်း ကျနော့်အပေါ် အထင်လွဲမှာ စိုးရိမ်ကြနဲ့ ကျနော် ထင်တဲ့အတိုင်း ရိုးရိုးသားသား ရေးလိုက်မိတာပါ ။ ကျနော် ရေးမိတာကတော့ "ကျနော့် တသီးပုဂ္ဂလအမြင် ပြောရမယ်ဆိုလို့ကတော့ ဘလော့ဂါတွေ အကုန်လုံး ကိုယ်ထင်ရာ ကိုယ်လုပ်နေတဲ့ သဘောရှိပါတယ်။" ဆိုတဲ့ စာသားပါ။ သိပ်ပြင်းထန်သွားတယ်လို့ အားလုံးမြင်ပါလိမ့်မယ်။ ကျနော် သိထာတာ ဘလော့ဂါတွေဆိုတာ အများစု သိပ်စည်းလုံးတယ်။ ကျနော် ဘလော့ဆိုတာ ဖြူလားမဲလား မသိသေးတဲ့အချိန် (စက်တင်ဘာ မတိုင်မီ) က ဘလော့စာအုပ်ထုတ်ဖို့ တိုင်ပင်ကြ ဆွေးနွေးကြဆိုတဲ့ သတင်းတွေ ကြားဖူးတယ်။ ကျနော် တကယ် တော်တော် လေးစားပါတယ်။ ဒီလောက် တစ်ကွဲတစ်ပြားနေတဲ့ လူတွေစုပေါင်းပြီး အလုပ်တစ်ခုထဲကို လုပ်နိုင်တယ်ဆိုတာ တော်ရုံနားလည်မှု တော်ရုံစည်းလုံးမှုနဲ့ မရပါဘူး။ ကျောင်းတွေမှာ Black ကဗျာ စာအုပ်လေးတွေ စုထုတ်ရင်တောင် ပြဿနာက ဒုနဲ့ဒေး။ လက်ဘက်ရည်ဆိုင်မှာ တဂျိမ်းဂျိမ်း စကားများရတာက ခဏခဏ။ နောက်ကျနော် ဘလော့ဂါတွေ အကုန်ဆိုတဲ့ စကားသုံးလိုက်မိတာ ကျနော် ရည်ရွယ်တာ တော်လှန်ရေးနဲ့ ပတ်သက်ပြီး ရေးကြချွတ်ကြတဲ့ ဘလော့ဂါတွေကို ရည်ရွယ်တာပါ။ ကျနော့် စာတပိုဒ်လုံးကို ဖတ်ရင် ဘယ်ဘလော့ဂါတွေကို ထင်ရာလုပ်တယ်လို့ ကျနော် မြင်တယ်ဆိုတာ သဘောပေါက်ပါလိမ့်မယ်။ နောက်ကျနော် နာစေချင်တဲ့ စေတနာနဲ့ ပြောသလား။ ဘယ်လို စေတနာမျိုးနဲ့ ပြောတယ်ဆိုတာ အားလုံးသိမယ် မျှော်လင့်ပါတယ်။ ကျနော်က ဘလော့ဂါတိုင်း နိုင်ငံရေး ရေးရမယ်ဆိုတဲ့ အမြင်မျိုး မရှိပါဘူး။ ကျနော် အမြဲသွားလေ့ရှိတဲ့ ဘလော့တစ်ခုမှာ နိုင်ငံရေးလုံးဝလောက်နီးနီး မရေးပါဘူး။ ဘလော့ဂါဆိုတာ လွတ်လပ်ခွင့်ရှိတယ်။ ထင်ရာလုပ် ခွင့်ရှိတယ်ဆိုတာ ကျနော် လက်ခံတယ်။ ဒါပေမဲ့ အများနဲ့ဆိုင်တဲ့ ပိုစ့်တွေ (နိုင်ငံရေး၊ လူမှုရေး) အစရှိတာတွေ ရေးတော့မယ်ဆိုရင်တော့ ထင်ရာလုပ်လို့ မရတော့ဘူးလို့ ထင်ပါတယ်။ မလုပ်သင့် မလုပ်ထိုက်ဘူးလို့ လဲထင်ပါတယ်။

## စပိုင်(SPY)

ခုတလော တော်တော်ရေပန်းစားနေတဲ့ စကားလုံးက စပိုင်(SPY)ဆိုတာပဲ။ ကျနော်ကတော့ မနေ့တစ်နေ့ကမှ ပြည်ပရောက်လာတာဆိုတော့ စပိုင်(SPY)ဆိုတာကို အရှင်လတ်လတ်လဲ မမြင်ဘူးဖူး။ ဓာတ်ရှင်တွေထဲ ကြည့်ဘူး

တာရှိတာပဲ။ ပြည်တွင်းမှာ တုန်းကတော့ နိုင်ငံရေးလုပ်တဲ့ အကိုတွေကို လက်ဖက်ရည်ဝယ်ပေး ဆေးလိပ်သွားဝယ်ပေးလုပ်ရင် သိသလောက်တော့ ပြည်တွင်းမှာတော့ SPY ဆိုတာ မရှိဘူးဗျ။ အချောင်သမား၊ ဘာရည်ရွယ်ချက်ဦးတည်ချက်မှ မရှိတဲ့လူတွေ၊ လူလူချင်းလူစွာလုပ်ချင် (ကိုယ်ပိုင်အရည်အချင်းမရှိပဲ) တဲ့ လူတွေကို သတင်းပေး (Informer) အနေနဲ့ လက်ဖက်ရည်လေးတိုက်လိုက် မုန့်ဖိုးလေးပေးလိုက် ခိုင်းတာတွေတော့ နေရာတကာပဲ။ သူခိုးဂျပိုးလောကရော၊ နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးစိတ်ဝင်စားတဲ့ လူတွေ လောကမှာရော နဲမှမနဲပဲ။ အစကတည်းက အဲလို သတင်းပေးလုပ်တဲ့ သူတွေဆိုတာ သူတို့ အခွင့်အရေးလိုချင်လို့ လုပ်တဲ့လူတွေဆိုတော့ ထောင်စွာထောင်စွာလုပ်တာနဲ့ သိပ်မကြာပါဘူး ရိပ်မိကုန်တာ များပါတယ်။ တူတူအဖမ်းခံရတယ် တစ်ယောက်က နှစ်ရှည်ထောင်ကျတယ်။ အဲဒီလူက ပြန်လွတ်လာတယ် ဆိုတာမျိုးတွေကြောင့်လဲ ပါတာပေါ့လေ။ ဒါပေမဲ့ ပြည်တွင်းမှာတော့ အားလုံးက သတိနဲ့နေရတော့ သိပ်မကြာဘူး သိတာများပါတယ်။ ထောက်လှမ်းရေး ဆရာများကလဲ ဒါမျိုးကြိုသိတော့ သတင်းပေး တစ်ယောက်ကို တစ်ခါသုံးဘောပင်(န်)လို၊ ယမ်းမီးခြစ်လို သဘောထားတာကလား။ အသုံးလိုတဲ့အထိပဲ အရိုးပေးကိုက်တယ်။ သုံးမရတော့ ဘူးထင်တာနဲ့ မယာပါသားကို ပထွေးက ကြည့်သလောက်ပဲ ပြန်ကြည့်တော့တာ။

၉၉ ကာလများကဆို အင်ဖော်မာတွေဆိုတာ နိုင်ငံရေးနဲ့ထိစပ်နေတဲ့ ကဗျာဆရာ၊ စာရေးဆရာ ကျောင်းသားတွေကြားထဲမှာ သူတို့ကတောင် ပိုများနေသလိုပဲ။ ကျနော်တို့က လူငယ်ဆိုတော့ ချောင်းရိုက်မယ်ကအစ ဖွင့်ချမယ်ဆိုတာအဆုံး အမျိုးမျိုး ပြောကြတာပေါ့။ နောက်ဆုံးတော့ ရိုက်ရင်ရိုက်မှုနဲ့ ဖမ်းခံရမယ်။ ကံဆိုးရင် ဓမြမှုတို့ လုယက်မှုတို့ပါ ပါလာနိုင်သေးတယ်။ (နအဖ အမှုဆင်ဖမ်းလို့ ကျနော့် သူငယ်ချင်းတစ်ယောက် ခိုးမှုနဲ့ အချုပ်ခံရဘူးပါတယ်။ နိုင်ငံရေးဆက်လုပ်မရအောင် စာရိတ္တမှု လုပ်လိုက်တာပါ။) ဖွင့်ချတော့လဲ အဲလို မြွေပွေးကင်းပွေး ဖြစ်ချင်တဲ့ လူတွေက နဲတာမှ မဟုတ်တာ။ အဲဒီတော့ ကျနော်တို့ သူတို့ မသိချင်ဟန် ဆောင်နေတယ်။ သတင်းမှားပေးတယ်။ သူတို့ ကိုယ့်စီမလာရင်တောင် ကိုယ်က သူ့စီကို သွားတယ်။  သူက ကိုယ့်ကို မျက်စိအောက်က အပျောက် မခံသလို ကိုယ်ကလဲ သူ့ကို မျက်စိအောက်က အပျောက် မခံတော့ဘူး။ တစ်ချို့က သူနဲ့ တူတူနေပေးတဲ့ အချိန်မှာ ကျန်တဲ့ လူတွေက လုပ်စရာရှိတာကို နာရီဝက်ရရ တစ်နာရီရရ လုပ်လို့ရတယ်။ ကျနော်တို့ အဲလိုလဲ တကယ်လုပ်ခဲ့ကြတယ်။

၂၀၀၄ နောက်ပိုင်း ဗိုလ်ခင်ညွန့်နဲ့ နအဖ ဝရမ်းပြေးနဲ့ မိန်းမပျက်လို ပြဿနာတွေ တတ်ကြ။ ကံဆိုးသူ ဗိုလ်ခင်ညွန့် အာဏာကျ။ သူ့ဩဇာမကင်းတဲ့ အဖွဲ့တစ်ခုလုံးလဲ မြေလှန်ခံရတဲ့ နောက်ပိုင်းမှာတော့ ပြည်တွင်းမှာ ထောက်လှမ်းရေး မလုပ်နိုင်ဘူး ပြောလို့ရလောက်အောင် ထောက်လှမ်းမှု ညံ့ဖျင်းလာပါတယ်။ ထောက်လှမ်းရေး နေရာကို ဗိုလ်ခင်ညွန့်ရှိစဉ်က ချောင်ထဲမှာ အမှီးကုတ်ပြီးနေရတဲ့ ဗိုလ်အေး အကြံအရပေါ်လာတဲ့ စွမ်းအားရှင်ဆိုတဲ့ ရပ်ကွက် လူမိုက် ဂလေဂချေဂိုဏ်း ဩဇာ တတ်လာခဲ့ပါတယ်။ ဗမာပြည်ထောက်လှန်းရေး ဘယ်လောက် ယိုယွင်နေလဲဆို လက်ရှိလုပ်သွားတဲ့ (၂၀၀၇) ကိုကြည့်တာနဲ့ သိနိုင်ပါတယ်။ အဖွဲအစည်းနဲ့ လူနာမည် ရာထူးကို သေချာအောင် မပြောနိုင်ဘူးလို့ သိရပါတယ်။ ထောက်လှမ်းရေး ကြီးဆိုးစဉ် Passport လျှောက်လို့ မရတဲ့ လူတော်တော်များများ Passport တွေ ရလာပါတယ်။ နောက် နိုင်ငံရေးနဲ့ ဆက်စပ်မှုရှိနေတဲ့ အခမ်းအနားတွေမှာ လူမိုက်လိုလို၊ ဝရမ်းပြေးလိုလို လူတွေ အများကြီး ကင်မရာတကားကား အသံဖမ်းစက်တကားကားနဲ့ ထင်ထင်ပေါ်ပေါ် လာကြည့်တာ ၂၀၀၄ နောက်ပိုင်းမှပါ။ ဗိုလ်ခင်ညွန့် ရှိစဉ်ကလည်း အသံဖမ်းတာ၊ ဓါတ်ပုံ ရိုက်တာ၊ ဗီဒီယို ရိုက်တာတွေ ရှိပါတယ်။ ဒါပေမဲ့ ခိုးကြောင်ခိုးဝှက်ပါ။ ပြည်တွင်းမှာတောင် သူတို့ လုပ်နေကြ Informer လူတန်းစား ကောင်းကောင်း မမွေးနိုင်လို့ နိုင်ငံရေးသမားတွေ ၊ NLD က လူတွေရဲ့မင်္ဂလာဆောင်၊ အသုဘ၊ ဆွမ်းကျွေး စတဲ့ သာရေးနာရေးပွဲတိုင်း ကင်မရာကြီးတွေ တကားကားနဲ့ လူမိုက်လိုလို အရူးလိုလို သူများ စားသောက်နေတာကို သရေတမျှားမျှားနဲ့ ကြည့်ရင်း ရိုက်ရင်း လုပ်နေရတာပါ။ အဲဒီတော့ ပြည်တွင်းမှာတောင် ထောက်လှမ်းရေးကို



သေသေသပ်သပ် မလုပ်နိုင်တဲ့ နအဖ ဆိုတဲ့ ခပ်ညံ့ညံ့ လူတွေက ပြည်ပမှာ စပိုင်(SPY) လွှတ်ထားတယ် ဆိုတာ တော်တော် မဖြစ်နိုင်စရာပါ။ အလကားနေရင်း မျက်နှာလုပ်ချင်လို့ သခင်အားရကျွန်ပါးဝ လုပ်တဲ့ Informer လို တစ်ရှုးစက္ကူတွေတော့ ရှိနေမှာပေါ့လေ။ နအဖ ကိုယ်တိုင် စနစ်တကျ လွှတ်ထားတဲ့ SPY Network ဆိုတာက တော့ နအဖကို အထင်ကြီးလွန်းရာ ရောက်တယ်ထင်တယ်။ သံရုံးနဲ့တွဲထားတဲ့ ထောက်လှမ်းရေးတို့၊ နောက် စစ်မှူထမ်းဟောင်း၊ ကြံ့ဖွံ့ အစီအစဉ်နဲ့ လွှတ်ထားတဲ့ Show Job တွေထဲတော့ မျက်နှာလို အားရလုပ်ပြီး သတင်းပို့တဲ့ လူတွေ ရှိကောင်းရှိမှာပေါ့။ နအဖ လုပ်နေပြောနေတဲ့ အလွဲတွေ အကုန်လုံးအပေါ် ကြည့်ပြီး တွက်ရသလောက်တော့ စပိုင် (SPY) ထားနိုင်လောက်တဲ့ အစိုးရ မဟုတ်ပါဘူး။

နောက်ဆုံးဗျာ စပိုင်ဆိုတာ တကယ်ရှိနေတယ်ထားအုံး ကျနော်တို့ လုပ်စရာနှစ်ခုပဲရှိတယ်။ ဖျောင်လို့ ရရင်ဖျောင်ပြစ်လိုက်။ ခြေခင်းလက်ခင်း သာရင်ပေါ့လေ။ နောက်ဆုံး မသတ်ရဲရင်တောင် တခြားအကြောင်းတစ်ခု ပြပြီး စိန်ခေါ်ထိုးဗျာ။ မိန်းမ စပိုင်ဆိုရင် ပိုတောင်ကောင်းသေးတယ် အတည်ပေါက်သွားပြီး သတ်မယ် ဘာမယ် ချိမ်းခြောက်လိုက်ဗျာ။ နောက်တနည်းကတော့ မသိချင်ဟန်ဆောင်ပြီး သတင်းမှားတွေ သူတို့ကနေတဆင့် ပို့။ Coun -ter ခေါ်မှာပေါ့။ ဒါတွေကို ကျနော် စိတ်ကူးယဉ်ပြီး ပြောနေတာ မဟုတ်ဘူးနော်။ ပြည်တွင်းလှုပ်ရှားမှုနဲ့ နီးစပ်တဲ့သူတိုင်း Informer (တချို့ ပြောသလို ) Spy တွေကို ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ သိကြပါတယ်။ အချင်းချင်း လက်သိပ်ထိုးပြီး ပြောထားလိုက်ရင် ပြီးပြီ။ ဒီကောင် စပိုင်ပါလို့ လက်ညှိုးထိုး ဖွင့်ချလိုက်တာကတော့ ဘာမှ ထိရောက်မှု မရှိဘူးလို့ ထင်ပါတယ်။ မသိချင်ဟန်ဆောင်ပြီး ပြန်အသုံးချမလား ဒါမှမဟုတ် ဘယ်တော့မှ သတင်းပို့လို့ မရအောင် ခြိမ်းခြောက်ပြီး နှင်ထုတ်တာတို့၊ ဖြောင်ပစ်တာတို့ လုပ်လိုက်တာ ပိုသင့်တော်မယ်လို့ ထင်ပါတယ်။ အဲဒီတော့ စပိုင်လို့ အော်နေမဲ့အစား သေချာရင် အသုံးချမလား ရှင်းပစ်မလား တစ်ခုခုလုပ်ဖို့ ကောင်းပါတယ်။

**ဆဲရေးမှုဖြင့် တော်လှန်ခြင်း**

ကျနော် CBox တွေမှာ တွေ့နေရတာ အများစုက တဖက်နဲ့တဖက် ဆဲနေကြတာတွေပါပဲ။ တကယ်ကို အယုတ္တ အနတ္တ တွေပါ။ ဒီကိစ္စလဲ အစတော့ မရေးတော့ဘူး နေတာပဲ။ ဒါပေမဲ့ ဒါကလဲ ကြာတော့ တော်တော်ကို နောက် အယှက်ဖြစ်တယ်။ ကျနော်လဲ လူပဲဗျာ စက်တင်ဘာကာလ ဘုန်းကြီးတွေ ကျောင်းသားတွေကို နအဖ စစ်သားတွေ ရိုက်တာနက်တာမြင်တော့ ဒေါသထွက်တယ်၊ စိတ်တိုတယ် သူတို့ကိုလဲ အဲလို ပြန်လုပ်ချင်တယ်။ အဲဒီ ရက်ပိုင်းတုန်းက ကျနော်ကိုယ်တိုင် မဆဲပေမဲ့ ဆဲတဲလူတွေကို နားလည်လို့ ရတယ်။ ခုနောက်ပိုင်းထိ အဲဒီ အရှိန်က မ ကုန်သေးပဲ ဆဲနေဆိုနေတာတော့ သိပ်မဖြစ်သင့်တော့ဘူး ထင်တယ်။ ဆဲလို့ ဘာဖြစ်မလဲဆိုတော့ ဒေါသတွေ ထွက်တယ်။ အဆိုးဆုံးက ဖော်မျိုးလို (ကျနော် ဓွေစောင်းကို ဖော်မျိုးထက် လေးစားပါတယ်။ ဓွေစောင်းက သူယုံတာ သူရေးနေတာပါ။) ဝါဒထူထောင်နေတာ လိုလို၊ သူကြောင်သလို လိုက်ကြောင်မှ ဒီမိုကရေစီရတော့မှာ လိုလို၊ မည်းမည်းမြင်ရာ ထင်ရာရောက်ရေးနေတဲ့ လူက “ဒီမိုကရေစီသမားများ ဆဲကြပါ” (အတိအကျ မမှတ်မိပါ။) ဆိုတဲ့ စကားမျိုး ရေးလာတော့ ရင်နာတယ်။ ကျနော်နဲ့ နီးစပ်တဲ့ သူအချို့ကို မဆဲဖို့ပြောတယ်။ သံတူကြောင်းကွဲ အဖြေမျိုးတွေကတော့ သူတို့ ဆဲလို့ ကျနော်တို့ ဆဲပါတယ်ဆိုတဲ့ အဖြေမျိုးပဲ ရတယ်။ ကျနော့် အမြင်တော့ ချိတ်ချိတ်ခြင်းမို့ ငြိတာပါ။

ကိုယ့်ရပ်တည်ချက်ကိုပဲ တွေးစေချင်ပါတယ်။ ကျနော်တို့ ဆဲလို့ နအဖ ပြုတ်သွားမလား။ အဲလို ဆိုရင်တော့ ကျနော်လဲ ဆဲမယ်။ စာရေးမဲ့ အချိန်တွေ အကုန် အပြင်ထန်ဆုံး အပြောင်မြောက်ဆုံး ဆဲလုံးတွေ တွေးပြီး ဆဲမယ်။ နောက်ဗျာ ဗိုလ်သန်းရွှေ ကိုယ်တိုင် CBox ထဲလာလို့ ဆဲလိုက်တယ် ဆိုတာမျိုးက လက်ခံပေးနိုင်သေးတယ်။ အခု ဆဲတဲ့ လူတွေက ဘာမှအရေးပါတဲ့ လူတွေလဲ မဟုတ်ဘူး။ အဆိပ်ပင်မို့ သတ်တယ်ပြောရအောင်လဲ။ နအဖ ပြီးရင်

သူတို့လဲ ဘယ်နားနေရမလဲတောင် သိမှာမဟုတ်ဘူး။ ကျနော် အမြင်တော့ ရုရှက ပုဂ္ဂိုလ်တွေကို ဆဲတာနဲ့ တိုက်ခိုက် တိုက်ခိုက်၊ နောက်ဆုံး တတ်နိုင်လို့ သွားသတ်လဲ ဘာထူးလာမှာမို့လဲ။ နအဖ က ဆက်ရှိနေမှာပဲ။ နအဖ စစ်ကျောင်းက တစ်နှစ်ကို ရုရှက လူမျိုး ၃၀၀၀ လောက် ထွက်နေတယ်လို့ ထင်တယ်။ ဟိုဘက်က စစ်ဗိုလ်များကလဲ တိုင်းပြည်ချစ်လို့ စစ်ထဲဝင်တယ် ဘာညာဆိုတာတွေ ပြောနေမဲ့အစား မဆဲပဲ မနေနိုင်ဘူးလား။ တစ်ဘက်က မဆဲပဲနေလိုက်ရင် ဆဲတဲ့လူ ငပေါ ဖြစ်မှာပဲ။ ဘယ်နှစ်ခွန်းဆဲနိုင်မလဲ။ နောက် CBox ပိုင်ရှင်တွေက လဲ ဆဲတာနဲ့ ဘလော့လိုက်။ ဆဲနေဆိုနေတာနဲ့တော့ ဗိုလ်သန်းရွှေလဲ ဘာမှမဖြစ်ဘူး။ နအဖ လဲဘာမှ မဖြစ်ဘူး။ နအဖ နဲ့ စစ်အာဏာရှင်ကို မုန်းကြောင်းပြဖို့ ဆဲတာဆိုရင်လဲ သူတို့ မသိစိတ်မှာ ပြည်သူလူထုက သူတို့ကို ဘယ်လောက်မုန်းတယ်ဆိုတာ သိပြီးသား။ ခင်ဗျားတို့ သတိထားမိမလား မသိဘူး ဇော်မျိုး ဆိုတဲ့ လူမဆဲဘူး။ သိပ်အကျအနကောက်ချင် သူတွေအတွက် ထပ်ပြောမယ် ဆဲလို့ အဆင့်မရှိဘူးလို့ ပြောမဲ့ ခပ်ကြောင်ကြောင် လူထဲမှာ ကျနော် မပါဘူး။ ဒါပေမဲ့ ဆဲတာနဲ့ ဒီမိုကရေစီနဲ့ တော့ ဘာမှမဆိုင်ဘူး။

## ရုရှား ပြဿနာ

အပေါ်မှာ ကျနော်ရေးခဲ့တဲ့ တချို့အချက်တွေကို ဖတ်ပြီး ရန်သူ့ဘက်က လိုက်ရေးတယ်လို့  ဝေဖန်ရင်လဲ ခံယုံပဲဗျ။ ကျနော် ဒီလိုတွေ ရေးလို့ ကျနော့် စာတွေကို မဖတ်တော့ဘူးဆိုလဲ တော်လှန်ရေးကို တခြားနည်းနဲ့ သွားယုံပဲ။ တကယ်တော့ ကျနော် စာရေးသည်ဖြစ်စေ၊ မရေးသည်ဖြစ်စေ၊ ကျနော် တော်လှန်ရေး လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ နအဖ ကိုတော့ တော်လှန်နေကြဦးမှာပဲ။ ငကန်းသေငစွေလာလိမ့်မယ်။ ကျနော်ကတော့ ကျနော့်စာတွေကို ကိုယ့်ဘက်က လူတွေတင်မဟုတ်ပဲ နအဖ ပုဂ္ဂိုလ်များကိုလဲ ဖတ်စေ့ချင်ပါတယ်။ သူတို့ကိုလဲ ကျနော်တို့ ဘာတွေခံစားနေတယ်၊ ဘာကြောင့်ဘာလုပ်တယ်ဆိုတာမျိုး တွေသိစေ့ချင်ပါတယ်။ သူတို့ နားလည်နိုင်ရင်၊ ဒါမှမဟုတ် နားမလည်တောင် အတွေးတစ်စလောက်များရသွားပြီး ဆက်တွေးမိရင်ဆိုတဲ့ မျှော်လင့်ချက် တကယ်ထားပါတယ်။ ကျန်တော် တပ်နဲ့ပြည်သူ လက်တွဲကူဆိုတဲ့ ဆောင်ပုဒ်မျိုးလဲ မတင်ဘူး။ တပ်အချင်းချင်း ထချပြီဆိုတဲ့ ဟာမျိုးလဲ မရေးဘူး။ ဒါပေမဲ့ ကျနော်တို့ဘက်က တကယ်လုပ်ပြနိုင်တယ်ဆိုတဲ့ တစ်နေ့တပ်ထဲက ပြည်သူ့ဘက်မှာ ရပ်တည်မဲ့ တပ်မှူးတပ်သားတွေ ထွက်လာပါလိမ့်မယ်။

အဲလို ထွက်လာဖို့က ကျနော်တို့ဘက်က နိုင်ချေရှိမှ ထွက်လာမှာပါ။ အလကားနေရင်း အလုံးအရင်းနဲ့ ထွက်လာဖို့ဆိုတာ မလွယ်ပါဘူး။ သေချာမှ စွန့်မှာပေါ့ ဟုတ်ဘူးလား။ လူဆိုတာ ဘာပဲပြောပြော ကိုယ်နဲ့ကိုယ့်အသိုင်းအဝိုင်းကို အရင်ကြည့်မှာပဲ။ သေချာချာ မသေချာချာ ကိုယ်ယုံတာ လုပ်မယ်ဆိုပြီး အသေခံထွက်လာတဲ့ လူမျိုးကတော့ အရှားသား။ စက်တင်ဘာမှာ ပြန်ကြည့်ရင်ပဲ လမ်းပေါ်ထွက် ဆန္ဒပြတဲ့လူ အရေအတွက်ဟာ တစ်နိုင်ငံလုံးနဲ့ယှဉ်ရင် ဘာမှ မဟုတ်ဘူးလို့ ပြောမယ်ဆို ပြောလို့ရပါတယ်။ ဒီအချက်ကို ကြည့်ပြီး နအဖကို မကျေနပ်တာ ဒါလောက်ပဲဆိုတဲ့ အတွေးအခေါ်မျိုးကတော့ ဗိုလ်ကျော်ဆန်းလို အရပ်နဲ့ ခေါင်းနဲ့ အချိုးညီတဲ့ နအဖ ရင်မကြီးတွေပဲ တွေတတ်တာပါ။ ကျန်တဲ့သူတွေလဲ မုန်းလိုက်တာမှ အူထဲကရော အသည်းထဲက ရောပဲ။ ဘာလို့ မထွက်လဲဆိုတော့ သေမှာကြောက်လို့ဗျ။ တချို့ဘာပဲဖြစ်ဖြစ် သေမှာကြောက်တယ်။ တချို့လဲ မသေချာပဲနဲ့ မသေချင်ဘူး။ ဘာမှ မကြည့်နဲ့ ဒီထဲမှာ ၉၀၊၉၆၊၉၉ အရေးအခင်းတွေ တသီကြီး မှီခဲ့တဲ့လူတွေ အများကြီးပါ။ ဘယ်သူဘယ်လို ရပ်တည်ခဲ့လဲ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်ရအောင်။

ကျနော်တော့ ရုရှကလူတွေကို မဆဲဘူး။ မဆဲမဆို၊ ငြင်းခုန်တာမျိုးမဟုတ်တဲ့ ကြားကျတဲ့ ခေါင်းစဉ်တွေ (ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဘာလို့နိမ့်နေလဲ) ကို ဆွေးနွေးချင်တယ်။ တကယ်ဆွေးနွေးကျရင် ဘာကြောင့်ဆိုတာ သိလာမယ်။ အမှန်ကို တကယ်သိလာတဲ့လူက အကြာကြီးမှား မနေနိုင်ပါဘူး။ နအဖ စစ်ဗိုလ်ချုပ်တွေတော့ မပါဘူးပေ့ါဗျာ။ ရုရှက စစ်ဗိုလ်တွေဆိုတာ တလမှ ဒေါ်လာ ၂၅၀ နဲ့ နေနေရတာ။ စားနိုင်သောက်နိုင်တဲ့ ရာထူး

ရောက်ဖို့ကလည်း စောင့်ရဦးမယ်။ ဒါလဲ အထက်အရာရှိနဲ့ အဆင်ပြေမှ။ အဲဒီတော့ သူတို့မှ အမှန်တရားကို လက်ခံနိုင်ဖို့ နေရာကျန်သေးတယ်လို့ ထင်တယ်။ တချို့တချို့လဲ လူမြင်ကွင်းတော့ ယူနီဖောင်းလေးဝတ်ပြီး ဖောင့်ကြွားဖောင့်ကြွားလုပ်၊ ကာနယ်ကြီး အိမ်ကြ ဖိနပ်တိုက်ပေး၊ အဝတ်ရုပ်ပေး ဘဝကိုပဲ လောကနိဗ္ဗာန် ထင်နေမှာပဲ။ အဲလို လူတွေချည်းပဲ ဆိုတာတော့ ကျနော်မယုံဘူး။ လူကောင်းလေးတွေကိုတော့ ရှာကြည့်ချင်သေးတယ်။ ဆွေးနွေးချင်သေးတယ်။ သူတို့ ကိုယ်ခံအားကိုလဲ ကျနော်ယုံတယ်။

နောက်တစ်ခုက ဒီအချိန်မှာ ကျနော်တို့ရော သူတို့ရော တိုက်ပွဲပြင်ပမှာပါ။ အဲဒီတော့ ကျနော်တို့ ဆက်ဆံလို့ ရတယ်။ တတိယပုံစံပေ့ါဗျာ။ ကျနော်လဲ တော်လှန်ရေးကြောင်း မပြောဘူး။ သူတို့လဲ စစ်တပ်အုပ်ချုပ်ရေးကို ဘုန်းတော်မဘွဲ့နဲ့ပေ့ါဗျာ။ သူတို့လဲ ရှုရှားရောက်တုန်း အင်တာနက်ကို ဖောဖောသီသီ လွတ်လွတ်လပ်လပ် သုံးခွင့်ရတာ။ မြန်မာပြည် ပြန်ရောက်ရင် ဘယ်လိုမှ ဒီနေရာတွေကို လွတ်လွတ်လပ်လပ်လာလို့ရမှာ မဟုတ်တော့ဘူး။ တော်လှန်ရေးသမားကောင်းဆိုတာ တိုက်တာခိုက်တာ တစ်ခုထဲထူးချွန်ယုံနဲ့ မဖြစ်ဘူးဗျ။ သံခင်းတမန်ခင်းလဲ တတ်ရမယ်။ ရန်သူကို စည်းရုံးနိုင်ရမယ်။ တကယ့် ခေါင်းဆောင်ကောင်းတွေဆို ရန်သူကိုယ်တိုင်က လေးစားတယ်။ (မဟာဗန္ဓုလ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ရွှမ်းမဲလ်) ဖမ်းမိရင်တော့ သတ်မှာပေ့ါဗျာ။ ပြီးတော့ ဒီမိုကရေစီရတာနဲ့ စစ်သားတွေ စစ်ဗိုလ်တွေ အလုပ်ပြုတ်စေဆိုတာမျိုးလဲ လုပ်လို့မရဘူး။ သူတို့နဲ့ သူတို့မိသားစုကလဲ သန်းချီရှိနေတာကို။ အဲဒီလူတွေသာ အလုပ်လက်မဲ့ ထပ်ဖြစ်ရင် လက်ရှိအလုပ်လက်မဲ့ ဦးရေနဲ့ပေါင်းပြီး ကြောက်ခမန်းလိလိ တက်လာလိမ့်မယ်။ အောက်ခြေနဲ့ အရာရှိငယ်တွေကို ဆက်ထားရမှာပဲ။ မြွေပွေးခပိုက်ပိုက်တယ်တို့ ဘာတို့ ခပ်ကြောင်ကြောင်တွေ လာမပြောနဲ့။ တကယ်မြွေပွေးအစစ်ဆို တပ်ထဲက ထုတ်လိုက်လဲ လိုက်ကိုက်မှာပဲ။ တပ်ထဲမှာရှိနေတာမှ စောင့်ကြည့်နေလို့ ရဦးမယ်။ ခင်ဗျားတို့ သိပြီးသားဖြစ်ပေမဲ့ ကျနော်မှာ ဒီထက်ကောင်းတဲ့ ဥပမာမရှိလို့ ပြောပါရစေ။ လွတ်လပ်ရေး မရခင် ဖက်ဒရယ်ကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ကို ဝိုင်းကန့်ကွက်တော့ "၁၀ နှစ်အချိန်ရတာမှ သူတို့ ခွဲထွက်ရင် ကျုပ်တို့ မစည်းရုံးနိုင်လို့ ကျုပ်တို့ ညံ့လို့ ပေ့ါဗျာ" ဆိုတဲ့ စကား။

## ဘာကြောင့် ၁၉

နအဖ ဘာကြောင့်ယိုင်နဲ့ယိုင်နဲ့နဲ့ ၁၉ နှစ်တိုင်ခဲ့လဲဆိုတော့ ကျနော်တို့ ညံ့လို့လို့ပဲ မြင်ပါတယ်။ ကျနော်တို့ ၁၉ နှစ်အတွင်း အတိုက်အခံ အဖွဲ့အစည်းတွေများလာတာပဲ ရှိတယ်။ ဘာမှ ဖြစ်မလာဘူး။ တကယ်လိုအပ်တဲ့ စည်းလုံးမှု မတည်ဆောက်နိုင်ဘူး။ လက်ငင်းရည်ရွယ်ချက်ကို မပြတ်သားဘူး။ အာဏာရရေးလား။ အာဏာရှင်ကျဆုံးရေးလား။ အာဏာရှင်ကျဆုံးရေးဆိုရင်တော့ အရင်ဆုံး အာဏာရှင်ပြုတ်ကျရေးလုပ်ကြပါ။ တချို့စိုးရိမ်နေသလို စည်းလုံးမှုမရှိပဲ  စစ်တပ်ပြုတ်သွားလဲ ကွဲကျပြိုကျနဲ့ တိုင်းပြည်ဒုက္ခရောက်မယ်ဆိုတဲ့ အတွေးမျိုး ကျနော် လက်မခံပါဘူး။ ဒီမိုကရေစီ တိုက်ပွဲဝင်နေတဲ့ ခေါင်းဆောင်တွေအနေနဲ့ သံခင်းတမန်ခင်းနဲ့  ကွဲကျပြိုကျမယ်။ ဒီမိုကရေစီဆန်ဆန် သဘောထားကွဲကျမယ်ဆိုရင် ရောင်စုံခေတ်ကို ပြန်ရောက်ဖို့ မမြင်ပါဘူး။

နအဖ ကတော့ ရှင်းတယ်။ ဦးတည်းချက်ကလည်း အာဏာတည်မြဲရေးပဲ။ အဲဒီအတွက် ချော့စရာရှိ ချော့တယ်။ ချောက်စရာရှိ ချောက်တယ်။ နောက်လူသိရှင်ကြား ဘယ်တော့မှ မကွဲလွဲဘူး။ ကွဲလွဲရင်လဲ တခါတည်း ကိစ္စတုံးလုပ်တယ်။ (ဗိုလ်စောမောင်၊ဗိုလ်တင်ဦး၊ဗိုလ်ခင်ညွန့်) ကျနော်တို့ဘက်ကတော့ ရန်သူပျော်ရုံ၊ သတင်းပေါက်ကြားရုံ ကွဲကျပြိုကျနဲ့ သံသယာလည်နေတယ်လို့ ထင်ပါတယ်။ ဒါကလဲ နအဖလို စည်းလွတ်ဝါးလွတ် မလုပ်ချင်တဲ့ စိတ်ကောင်းတွေကြောင့်လို့ မြင်ပါတယ်။ မကြာခင် ကျနော်တို့ ခေါင်းဆောင်တွေ လမ်းကြောင်းတစ်ခုရှာတွေ့ပြီး စစ်ကျွန်ဘဝက လွတ်မြောက်စေလိမ့်မယ်လို့ ယုံကြည်နေတုန်းပါ။




တကယ်တော့ ကျနော်က ကိုယ့်ဘဝလေးနဲ့ကိုယ် အေးအေးနေချင်တဲ့ ကောင်ပါ။ ဒါပေမဲ့ ဘဝက အဲလို နေဖို့ ခွင့် မပေးခဲ့ဘူး။ ဒါပေမဲ့ ကျနော်ဟာ နောက်လိုက်ကောင်းတစ်ယောက် အနေနဲ့ ကျနော်တတ်နိုင်တဲ့ ဘက်ကနေ မင်းဆိုးမင်းညစ်ဟူသမျှကို တော်လှန်နေဖြစ်မယ် ထင်ပါတယ်။ ကျနော်ရေးတဲ့ စာဟာ ရန်သူပျော်စေနိုင်မဲ့ အချက်တစ်ချက်မှ မပါဘူးလို့ ထင်ပါတယ်။ တကယ်လို့ ပါခဲ့လို့ရှိရင်လဲ စေတနာအမှားလို့ နားလည်ပေးဖို့ မျှော်လင့်ပါတယ်။ လေးလေးနက်နက် ထပ်ပြောပါရစေ။ ကျနော်ခေါင်းဆောင်တွေကို ကျနော်တို့ လွတ်မြောက်ရေးအတွက် အကြွင်းမဲ့ မျော်လင့်ယုံကြည်နေပါသေးတယ်။ တကယ်လို့ ကျနော် မယုံကြည်တော့တဲ့ နေကြရင်လဲ ငြိမ်းချမ်းစွာ လက်တွဲဖြုတ်ပြီး ကိုယ်နည်းကိုယ်ဟန်နဲ့ တိုက်ပွဲဝင်နေပါဦးမယ်။ သူခိုး ဘဝကစပြီး တိုက်ပွဲဝင်ပွဲမယ်။ ဗမာစကားပုံရှိပေမဲ့ အဲလိုတော်လှန်ရေးမျိုး တစ်ခါမှ မတွေ့ဘူးသေးပါဘူး။ သူခိုးကြီးတော့ ဓါးပြ၊ ဓါးပြကြီးတော့ သူပုန်၊ သူပုန်ကြီးတော့ အစိုးရ တဲ့။ စိတ်ကူးယဉ်ဆန်တယ်ပဲပြောပြော ကျနော် ကျနော့်သူငယ်ချင်းတွေကို မေးပို့ပြီးခေါ်ဦးမယ်။ ကျနော်ပေးထားတဲ့ ခေါင်းစဉ်လေးလို့ပေ့ါဗျာ။ ကျနော်တို့ မင်းဆိုး မင်းသူခိုးနဲ့ တန်သလား မင်းကောင်းမင်းမြတ်နဲ့ တန်သလားဆိုတာ အာလုံးဝိုင်းပြီး စုစုစည်းစည်း အဖြေထုတ်ရအောင်။

မိုးထက်နေ